truemoney

# အထူးအသိပေး ကြေညာချက်

ရက်စွဲ။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ (၂၅) ရက်နေ့

အကြောင်းအရာ။ ထရူးမန်းနီးငွေလွှဲဝန်ဆောင်မှု (ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့) မိုလ်ဘိုင်း အပလီကေးရှင်းမှတဆင့် ငွေလွှဲခြင်းပိတ်သိမ်းသည့် ရက်စွဲအား ပြင်ဆင်သတ်မှတ်ခြင်း။

သို့
မိုလ်ဘိုင်းအပလီကေးရှင်းအသုံးပြုသူများအားလုံး-

အောက်ပါကြေညာချက်သည် TrueMoney Co.,Ltd. (ကုမ္ပဏီ) မှ မိုလ်ဘိုင်းအပလီကေးရှင်းအသုံးပြုသူများသို့ ဇန်နဝါရီလ (၂၉) ရက်နေ့ ၂၀၁၉ ခုနှစ်တွင် ကြေညာခဲ့သော ထရူးမန်းနီးထရန်စဖား မိုလ်ဘိုင်းအပလီကေးရှင်းဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ငွေလွှဲခြင်း လုပ်ငန်းစဉ်အား မတ်လ ၁ရက်၊ ၂၀၁၉ ခုနှစ်မှစ၍ ဆက်လက်လုပ်ဆောင်တော့မည် မဟုတ်ကြောင်း ကြေညာချက်အား ရည်ညွှန်းပါသည်။

မိုလ်ဘိုင်း အပလီကေးရှင်း သုံးစွဲသူများ များပြားခြင်းနှင့် အသုံးပြုသူများ ပိုမို အဆင်ပြေ ချောမွေ့စေရေးအတွက် ကုမ္ပဏီမှ ထရူးမန်းနီး ထရန်စဖား မိုလ်ဘိုင်း အပလီ ကေးရှင်း ပိတ်သိမ်းသည့် ရက်စွဲအား ထပ်မံ တိုးမြင့် ရွှေ့ပြောင်းလိုက်ပါသည်။ ယခုအခါ လက်ရှိ ထရူးမန်းနီးထရန်စဖား မိုလ်ဘိုင်းလ် အပလီကေးရှင်း သုံးစွဲနေသူများမှာ ငွေလွှဲဝန်ဆောင်မှုများအား ၂၀၁၉ ခုနှစ် မတ်လ (၃၁) ရက်နေ့အထိ ဆက်လက် လုပ်ဆောင်နိုင်မည် ဖြစ်ပြီး မိုလ်ဘိုင်း အပလီကေးရှင်း အကောင့်များအား ၂၀၁၉ ခုနှစ် ဧပြီလ (၁) ရက်နေ့တွင် စတင် ပိတ်သိမ်းသွားမည် ဖြစ်သည်။ မိုလ်ဘိုင်း အပလီကေးရှင်း သုံးစွဲသူများသည် မိမိတို့ အကောင့်တွင် ရှိသော လက်ကျန်ငွေများအား ပြန်လည် ထုတ်ယူလိုပါက ထရူးမန်းနီးဆိုင်ခွဲ ရှိ တာဝန်ရှိသူများထံဆက်သွယ်ပြီး အောက်ပါ အချက်အလက်များယူဆောင်လာ၍ အကောင့်တွင်းလက်ကျန်ငွေများကို (၂-၀၄-၂၀၁၉) ရက်နေ့မှ (၃၀-၀၆-၂၀၁၉) ရက်နေ့များအတွင်းတွင် လာရောက်တောင်းခံနိုင်သည်။

1. ပတ်စ်ပို့ သို့မဟုတ်
2. နိုင်ငံခြားသားမှတ်ပုံတင်ကတ်ပြား (ပန်းရောင်ကတ်ပြား) သို့မဟုတ်
3. အမျိုးသားမှတ်ပုံတင်ကတ်ပြား (ထိုင်းနိုင်ငံသားများအတွက်)

အကောင့်သုံးစွဲသူများအားလုံး လက်ကျန်ငွေပမာဏကို ဘန်ဘွန်ဈေး ဆိုင်ခွဲနှင့် CPF မင်ဘူရီဆိုင်ခွဲ တွင် မတ်လ ၁ရက်နေ့ ၂၀၁၉ ခုနှစ်မှ ၃၁ရက်နေ့ မေလ ၂၀၁၉ အထိ၊ မနက် ၁၀ နာရီ မှ ညနေ ၇ နာရီအတွင်း လာရောက်တောင်းခံနိုင်သည်။

သို့သော် လူကြီးမင်းများ အဆင်ပြေမှု ရှိစေရန်အတွက် ကျွန်တော်များ TrueMoney ဆိုင်ခွဲများတွင် ကောင်တာသို့ တိုက်ရိုက်သွားရောက်ကာ အပြည်ပြည်ဆိုင်ရာ ငွေလွှဲခြင်း ဝန်ဆောင်မှုများအား ဆက်လက် ပြုလုပ်သွားပေးမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဆိုင်ခွဲများတွင် ဝန်ဆောင်မှုအား ပြုလုပ်နိုင်ပါသည်။

၁။ Big C Mahachai, Samutsakorn

၂။ Nampu Plaza, Samutsakorn

၃။ Big C Rama 2, Bangkok

၄။ Bangbon Marketplace, Bangkok

၅။ CPF Minburi, Bangkok

လူကြီးမင်းများ အတွက် နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုများ ပိုမို အဆင်ပြေမှု ရှိစေရန်အတွက် ၂၀၁၉ ခုနှစ် အတွင်းတွင် ဆိုင်ခွဲများ ထပ်မံ ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ငွေလွှဲ ဝန်ဆောင်မှုများအတွက် ဝန်ဆောင်မှုရပ်တန့်ခြင်း လုံးဝမရှိပါကြောင်းနှင့် အထက်ဖော်ပြပါ အထူး သတိပေး ကြေညာချက်မှာ ထိုင်းနိုင်ငံ "TrueMoney Wallet" အသုံးပြုသူများသာ သက်ဆိုင်ကြောင်းနှင့် အခြားသော ဝန်ဆောင်မှုများမှာ မူလအတိုင်း ဆက်လက် ဝန်ဆောင်မှု ပေးလျှက်ရှိကြောင်း အသိပေး အပ်ပါသည်။

လူကြီးမင်းများ၏ ဝန်ဆောင်မှုများအား ဆက်လက် အသုံးပြုခြင်းနှင့် ပံ့ပိုးမှုများအတွက် အထူးပင် ကျေးဇူးတင်ပါသည်။ အဆင်မပြေမှုများ ဖြစ်ပေါ်ပါက အနူးအညွတ်တောင်းပန်ပါသည်။ ကျွန်တော်များ၏ ဝန်ဆောင်မှု အသုံးပြုသူ လူကြီးမင်းများ ရေရှည်အကျိုးဖြစ်ထွန်းစေရေး အလို့ငှာ ထိုင်းနိုင်ငံရှိ ချမှတ်ထားသော နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှု ဆိုင်ရာ စည်းမျဉ်းများနှင့် အညီ ပြုလုပ်နိုင်ရေးအတွက် ရည်ညွှန်းကာ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးရန်အတွက်သာ ရည်ရွယ်ပါသည်။ အထက်ဖော်ပြပါများအတွက် ထပ်မံ သိရှိလိုပါက ကျွန်တော်များ၏ Customer Care Center နံပါတ် ၁၂၄၀ (လိုင်းခွဲ-၄) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

လေးစားစွာဖြင့်
TrueMoney Co., Ltd.